သန့်ရှင်းစင်ကြယ်မှုသည် အီမာန်ယုံကြည်မှု၏

တစ်ဝက်ဖြစ်သည်။ ‘အလ်ဟမ်ဒု လိလ္လာဟ်’သည်

မီဇာန်ချိန်ခွင်ကို အချိန်လေး၍

ပြည့်စေမည်။‘စွဗ်ဟာနလ္လာဟ်

ဝလ်ဟမ်ဒုလိလ္လာဟ်’ဇိက်ရ်တော်နှစ်ခုသည် (သို့မဟုတ်ဇိက်ရ်တော် တစ်ခုသည်)

မိုးကောင်းကင်နှင့်ပထဝီမြေပြင်ကြားကိုပြည့်စေသည်။

အဗူမာလိက် အလ်အရှ်အရီ(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏တမန်တော်(ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။
သန့်ရှင်းစင်ကြယ်မှုသည် အီမာန်ယုံကြည်မှု၏ တစ်ဝက်ဖြစ်သည်။ ‘အလ်ဟမ်ဒုလိလ္လာဟ်’သည် မီဇာန်ချိန်ခွင်ကို အချိန်လေး၍ ပြည့်စေမည်။‘စွဗ်ဟာနလ္လာဟ်ဝလ်ဟမ်ဒုလိလ္လာဟ်’ဇိက်ရ်တော်နှစ်ခုသည် (သို့မဟုတ် ဇိက်ရ်တော် တစ်ခုသည်)
မိုးကောင်းကင်နှင့်ပထဝီမြေပြင်ကြားကိုပြည့်စေသည်။ ဆွလာသ်သည်
နူရ်အလင်းရောင်ဖြစ်သည်။ဆွဒ်ကဟ် အလှူဒါနသည် သက်သေအထောက်ထားဖြစ်သည်။
‘ဆွဗရ်’သည်းခံခြင်းတရားသည် အလင်းရောင်ဖြစ်သည်။ ကုရ်အာန်ကျမ်းမြတ်သည် သင့်အတွက်သက်သေအထောက်အထား သို့မဟုတ် အသင်နှင့်ဆန့်ကျင်ဘက် သက်သေအထောက်အထားဖြစ်သည်။
လူတိုင်းသည် နံနက်စောစော(ရိုဇီရိက္ခာရှာဖွေရန်)ထွက်သွားကြပြီး မိမိကိုယ်မိမိ
ရောင်းချလိုက်သည်။ ထို့ကြောင့် အချို့သည် မိမိကိုယ်ကို(ဂျဟန္နမ်မှ)
လွတ်မြောက်စေပြီး အချို့သည် မိမိကိုယ် ကို(ဂျဟန္နမ်ထဲသို့ကျရောက်စေကာ)
ပျက်စီးဆုံးရှုံးစေသည်။ [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူသည်မှာအပြင်ပိုင်းဆိုင်ရာ သန့်ရှင်းစင်ကြယ်မှုအား ဝုဿွူပြုခြင်း၊ရေချိုးခြင်းတို့ဖြင့်ရယူနိုင်ပြီး ၎င်းတို့သည် ဆွလာသ်၏ အပြင်ပိုင်းဆိုင်ရာဖရ်ဿ်ွဖြစ်ကြသည်။ ‘အလ်ဟမ်ဒု လိလ္လာဟ်’ရွတ်ဆိုခြင်းသည် မီဇာန်ချိန်ခွင်ကို အချိန်လေး၍ပြည့်စေမည်။ ဤသို့ရွတ်ဆိုခြင်းသည် အရှင်မြတ်အားချီးမွမ်း‌ခြင်း၊ ပြည့်စုံလှသည့် ‌ ဂုဏ်တော်များဖြင့် အရှင်မြတ်အား ချီးမွမ်းထောမနာပြုခြင်းဖြစ်သည်။ ထိုဇိက်ရ်တော်သည်ကိယာမသ်နေ့တွင် ချိန်တွယ်ခြင်းခံရမည်ဖြစ်ပြီး ၎င်းသည် မီဇာန်ချိန်ခွင်၌ကောင်းမှုများဖြင့် ပြည့်စေမည်ဖြစ်သည်။ ‘စွဗ်ဟာနလ္လာဟ်ဝလ်ဟမ်ဒုလိလ္လာဟ်’ကိုရွတ်ဆိုခြင်းသည် ‌အရှင်မြတ်အားချို့ယွင်းမှုအပေါင်းမှကင်းစင်တော်မူကြောင်းမြွတ်ဟခြင်းနှင့် အရှင်မြတ်ထံတော်တွင်အရှင်မြတ်နှင့် သင့်လျော်သည့်အတိုင်း ပြည့်စုံသည့် ဂုဏ်တော်များရှိ‌ကြောင်းကိုချစ်ခင်မြတ်နိုးမှုနှင့်တကွ ဂုဏ်မွှမ်းခြင်းဖြစ်သည်။ ထိုသို့ရွတ်ဆိုခြင်းသည်

https://sunnah.global/hadeeth/my/show/65004

النجاة الخيرية
ALNAJAT CHARITY
لجنة الدعوة الإلكترونية
EDC E-Da'wah Committee